# ကမ္ဘာ့ကုလသမဂ္ဂ

## လုံခြုံရေးကောင်စီဆုံးဖြတ်ချက်

## အမှတ် (၁၃၂၅)

ဤဆုံးဖြတ်ချက်ကို ရခိုင်အမျိုးသမီးများအစည်းအရုံးမှ
ရခိုင်ဘာသာသို့ ပြန်ဆိုပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ထုတ်ဝေသည်။

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅)

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ နိတွင် လုံခြုံရေးကောင်စီ အဖွဲ့ဝင် နိုင်ငံများမှ တညီတညွတ်တည်းသဘောတူဆုံးဖြတ်ခကတ်ပါသည်။ ယင်းဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီကချမှတ်ခဖူးသော ဆုံးဖြတ်ချက်များထဲတွင် စစ်ပွဲကြောင့် အမျိုးသမီးများအပေါ် ထိခိုက်နစ်နာမှု၊ ပဋိပက္ခဖြေရှင်းရေးတွင် အမျိုးသမီးများ၏အရေးပါမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရှိနှင့်စပ်လျဉ်းသည့် အထူးအလီးထားဆုံးဖြတ်ခသည့် ပထမဦး ဆုံးသော ဆုံးဖြတ်ချက်လည်းဖြစ်ပေသည်။

● လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များဖြစ်သည့် အမှတ် ၁၂၆၁– ၁၉၉၉ ခု ဩဂုတ်လ ၂၅ ရက်၊ အမှတ် ၁၂၆၅ – ၁၉၉၉ ခု စက်တင်ဘာလ ၁၇ ရက်၊ အမှတ် ၁၂၉၆ –၂၀၀၀ ခု ဧပြီလ ၁၉ ရက်၊ အမှတ် ၁၃၁၄– ၂၀၀၀ ခု ဩဂုတ်လ  ၁၁ ရက်၊ ရှိကို ပြန်လီသတိပြုလျှက်လည်းကောင်း၊ ထို့အပြင် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌကထုတ်ပြန်သည့် ဆက်စပ်လျှက်ဟိသော ထုတ်ပြန်ချက်များကိုလည်း ပြန်လီသတိပြုလျှက်လည်းကောင်း၊ ၂၀၀၀ ခု မတ်လ ၈ ရက် (အက်စ်စီ/၆၈၁၆) နိတွင်ကျရောက်သည့်  အမျိုးသမီးအခွင့်အရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေးများအတွက် ကုလသမဂ္ဂနိအခါသမယ အား အလီးအနက်ပြုလျှက်လည်းကောင်း၊

● ဘီကျိန်း (Beijing) ကြေငြာချက်နှင့် လုပ်ငန်းလမ်းညွှန်မှုဝါဒ (အေ/ ၅၂/၂၃၁)ပါ မဖြစ်မနီဆောင်ရွက်မည်ဟု သံဓိဋ္ဌာန်ပြုထားသည်များကို ပြန်လီသတိပြုလျှက်လည်းကောင်း၊ ***"သဏ္ဍရာဇ် ၂၀၀၀ အမျိုးသမီး"*** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခသော (၂၃) ကြိမ်မြောက် ကုလသမဂ္ဂအထူးအထွေထွေညီလာခံမှ ထွက်ပေါ်ခသည့်ရလာဒ် မှတ်တမ်းများတွင်လည်းကောင်း ပါဝင်သည်ကို ပြန်လီသတိပြုလျှက်လည်းကောင်း၊

● နှစ်ဆယ့်တစ်ရာစုတွင် လိင်တူလိင်ကွဲ မခွဲခြားသည့် တန်းတူညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး (အေ/အက်စ်– ၂၃/၁၀/အာရ်အီးဗီ ၁)၊ အထူးသဖြင့် အမျိုးသမီးများနှင့်လက်နက်ကိုင်ပဋိပက္ခများအပေါ်စပ်လျဉ်း၍လည်းကောင်း၊

● ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ အပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပဋိညာဉ်စာတမ်းပါ လုံခြုံရေးကောင်စီ၏ အဓိက ထမ်းဆောင်ရန်တာဝန်များကို အထူးသတိပြု နှလုံးသွင်းလျှက်လည်းကောင်း၊

● လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးကြောင့် ဒုက္ခခံစားရသူများ၊ အရပ်သားများ (အထူးသဖြင့် အမျိုးသမီးများနှင့်အချေသူငယ်များ)၊ ဒုက္ခသည်များနှင့် နိရပ်ဌာနီမှ အတင်းအဓမ္မရွှေ့ပြောင်းမောင်းထုတ်ခြင်းခံရသူများသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သူများနှင့် စစ်သားများက ၄င်းရို့အပေါ် အဓိကပစ်မှတ်သဖွယ်ပြုမှုမှုများ တိုးပွားလာခြင်းများအပေါ် စိုးရိမ်မှုအားဖော်ပြလျှက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ပြန်လီသွီးစည်းညီညွတ်ရေးအပေါ် ထိခိုက်စီသည့် အကျိုးဆက်များအား အထူးသတိပြုလျှက်လည်းကောင်း၊

● ငြိမ်းချမ်းမှုတည်ဆောက်ခြင်း၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် တားဆီးကာကွယ်ခြင်းများတွင် အမျိုးသမီးများ၏အရေးပါသော အခန်းကဏ္ဍအား ပြန်လီအတည်ပြုအာမခံ၍ လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာကဏ္ဍများတွင်လည်း ၄င်းရို့၏ တန်း တူညီမျှ အချိုးကျ အပြည့်အဝပါဝင်ဆောင်ရွက်မှု၏ အရေးပါမှုအား အလီးအနက်ပြု၍လည်းကောင်း၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် တားဆီးကာကွယ်ခြင်းများနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များချမှတ်ခြင်းတွင် ၄င်းရို့၏အခန်းကဏ္ဍများ မြင့်မားလာမှုကို အလီးအနက်ပြု၍ လည်းကောင်း၊

● ပဋိပက္ခတွင်းနှင့် ယင်းအပြီးကာလများတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများမှ  အမျိုးသမီးကြီး/ငယ်အားလုံးရို့အပေါ် ကာကွယ်ပီးထားသည့် နိုင်ငံတကာဥပဒေများအား အပြည့်အဝအကောင်အထည် ဖေါ်ဆောင်နိုင်ရေးအတွက် လိုအပ်ချက်များကို ပြန်လီအတည်ပြု အာမခံ

၍လည်းကောင်း၊ မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ်သတိပြုရေးဆိုင်ရာ အစီအစဉ်များတွင် အမျိုးသမီးကြီး/ငယ်အားလုံးရို့၏ အထူးလိုအပ်ချက်များအား ထည့်သွင်းစဉ်းစားမည့် သက်ဆိုင်သူအုပ်စုအားလုံး၏ တိကျသည့် အာမခံချက်ရဟိရေး လိုအပ်ချက်အား အလီးအနက်ထား ဖေါ်ပြ၍လည်းကောင်း၊

● ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှုမဟိသည့် အမြင်ဖြင့် ချဉ်းကပ်မှုအား အသားကျစီရေးအတွက် အရေးတကြီးလုပ်ဆောင်ရန် လိုအပ်ချက်ကို အသိအမှတ်ပြုသည်နှင့်အမျှ ဤအချက်အတွက် **"ဝိန်းဟုတ်ကြေငြာချက်"**နှင့် ကွဲပြားသည့် ဘက်မျိုးစုံဖြင့်မြင်သော ငြိမ်းချမ်းမှုထောက်ပံ့ရေးလုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှုမဟိသည့်အမြင်ဖြင့် ချဉ်းကပ်မှုအား အသားကျစီရေးဆိုင်ရာ နမီးဘီးယားလုပ်ငန်းဆောင်ရွက်မှုစီမံကိန်း (အက်စ်/၂၀၀၀/၆၉၃)များကို မှတ်ချက်ပြု၍ လည်းကောင်း၊

● ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများနှင့် အချေသူငယ်များ၏ အခြေခံလိုအပ်ချက်နှင့် လူ့အခွင့်အရေးအား ကာကွယ်ရေးအတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ဆောင်သူများအား အထူးလိကျင့်သင်တန်းပီးရေးဆိုင်ရာ လုံခြုံရေးကောင်စီဉက္ကဌ၏ ၂၀၀၀ ခုနှစ်၊ မတ်လ (၈)ရက်နိ နိစွဲဖြင့် သတင်းဌာနများသို့ ထုတ်ပြန်သည့် ကြေငြာချက်တွင်ပါဝင်သော အဆိုပြုချက်၏အရေးပါမှုအား အလီးထား အသိအမှတ်ပြု ၍လည်း ကောင်း၊

● အမျိုးသမီးများနှင့် ရင်သွီးငယ်များအပေါ် လက်နက်ကိုင်ပဋိပက္ခများ၏ ထိခိုက်နစ်နာစီမှု၊ ၄င်းရို့အား ကာကွယ်ရေးအတွက်အာမခံရန် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ထိရောက်သည့်စီမံမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်မှုများက နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုရို့အား ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းရို့အတွက် ကြီးစွာသောအထောက် အပံ့ဖြစ်စီနိုင်ကြောင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

**အမျိုးသမီးများနှင့်အချေသူငယ်များအပေါ် လက်နက်ကိုင် ပဋိပက္ခတိကြောင့် ထိခိုက်နစ်နာ စီမရှုင့်စပ်လျဉ်းသည့် အချက်အလက်များ အင်အားကောင်းစီရေး လိုအပ်ချက် အားမှတ် ချက်ပြု၍ –**

၁။ ပဋိပက္ခများအား တားဆီးကာကွယ်ရေး၊ စီမံခန့်ခွဲရေးနှင့် အဖြေရှာရေးများအတွက် နိုင်ငံချင်းစီအလိုက်၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာမှ အဖွဲ့အစည်းအသီးသီးနှင့် အခြားအကောင်အထည်ဖော်ဆောင်မှု ကဏ္ဍအသီးသီးရှိ၌ ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်း၌ အမျိုးသမီးကိုယ်စားပြုပါဝင်မှုအား တိုးမြှင့်ရေးအတွက် ခိုင်မာသည့် အာမခံချက်ပြုရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

၂။ ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်း၌ အမျိုးသမီးများ၏ပါဝင်မှုမြှင့်တင် ရေးဆိုင်ရာ တောင်းဆိုချက်ပါဝင်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုစီမံချက် (အေ/၄၉/၅၈၇)အား အရှိန်မြှင့်လုပ်ဆောင်ရန် ၎င်းအား အားပေးထောက်ခံသည်။

၃။ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်များ၊ အထူးသံတမန်များအဖြစ် ၎င်း၏ကိုယ်စား တာဝန်များထမ်းဆောင်သည့် နေရာများတွင် အမျိုးသမီးများအား ပိုမိုခန့်ထားရန် အထွေထွေအတွင်းရေးမှူးချုပ်အားတိုက်တွန်းသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအားလည်း နိုင်ငံအလိုက်အလှည့်ကျစံနစ်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ကိုယ်စားလှယ်များအား စီလွှတ်ရန် တောင်းဆိုသည်။ ထို့အပြင်လည်း–

၄။ ကုလသမဂ္ဂ၏ ရှိတန်းအခြေစိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ လေ့လာသူများ၊ အရပ်ဘက်ရဲဝန်ထမ်းများ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများ၌ အကူအညီပေးနေသူများ၏နေရာတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍအား တိုးချဲ့မြှင့်တင်နိုင်ရေး နည်းလမ်းရှာဖွေရန် အထွေထွေအတွင်းရေးမှူးချုပ်အား ထပ်မံ၍တိုက်တွန်းသည်။

၅။ ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှုမဟုတ်သော အမြင်ဖြင့် ချဉ်းကပ်ခြင်းအား အားဖြည့်သည့် လုံခြုံရေးကောင်စီ၏ စိတ်အားထက်သန်မှုအား ဖော်ပြသည့်အပြင် သင့်လျော်သည့် မည်သည့်ရှိတန်းလုပ်ငန်းစီမံချက်တွင်မဆို လိင်ကွဲပြားမှုအပေါ် ခွဲခြားမှုမဟုတ်ဘဲ ပါဝင်နိုင်ရေးကို အာမခံချက်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

၆။ အမျိုးသမီးများ၏ အထူးလိုအပ်ချက်များနှင့် ကာကွယ်ရေး၊ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် သင်တန်းလမ်းညွှန်များနှင့် အထောက်ဘ အကူပြုပစ္စည်းများအပါအဝင် ငြိမ်းချမ်းမှုထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းဆိုင်ရာ ဆောင်ရွက်မှုတိုင်းတွင် အမျိုးသမီးများပါဝင်ဆောင် ရွက်မှု၏အရေးပါမှုနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအား အထောက်အပံ့ပြုရန် အထွေထွေအတွင်းရေးမှူးချုပ်အား ပန်ကြားတောင်း ဆိုသည်။

အထက်ပါကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရန်အပြင် စစ်ဘက်နှင့်ရပ်ဘက်ဝန်ထမ်းများအား အမျိုးသားလုပ်ငန်းစီမံချက်များအတွက် လိကျင့် သင်ကြားပေးသည့် အစီအစဉ်များ၌ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်အွန္တရာယ်သတိပြုရေးဆိုင်ရာ လိကျင့်သင်ကြားသည့် အစီအစဉ်အား ထည့်သွင်းရန် အဖွဲ့ဝင်နိုင်ငံများအား ဖိတ်ခေါ်သည်။ ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် ပါဝင်ဆောင်ရွက်နေသည့် အရပ်ဘက်ဝန်ထမ်းများအနေဖြင့် အလားတူသင်တန်းများရဟိစေရေး အာမခံချက်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား ထပ်မံ၍ပန်ကြား တောင်းဆိုသည်။

၇။ ကုလသမဂ္ဂအမျိုးသမီးများရံပုံငွေ၊ ကုလသမဂ္ဂအချေသူငယ်များရံပုံငွေ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အခြားသက်ဆိုင်ရာ ရံပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းများ၊ စီမံကိန်းများသို့ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းရို့၏ဆန္ဒဖြင့် ဘဏ္ဍာရေး၊ နည်းပညာနှင့် အခြားအထွေထွေထောက်ပံ့မှုများအား လိင်ခွဲခြားမှုမဟုတ်သည့် ပညာပေးဆိုင်ရာ သင်တန်းအကျိုးဖြစ်ထွန်းရေးနှင့် အခြားအစီအစဉ်များအတွက် ဘဏ္ဍာငွေတိုးမြှင့်ထည့်ဝင်ရန် အဖွဲ့ဝင်နိုင်ငံများအား

တိုက်တွန်းသည်။

၈။ ငြိမ်းချမ်းရေးသဘောတူညီချက်များအား ညှိနှိုင်းခြင်းနှင့် အကောင်အထည်ဖေါ်ခြင်းဆိုင်ရာကိစ္စများတွင် လိင်ခွဲခြားမှုကင်းဝီးရေး ရှုထောင့်ဖြင့် အထူးအကျုံးဝင်သည်မှာ–

(က) ပြန်လီပို့ဆောင်ခြင်း၊ ပြန်လီနီရာချထားခြင်း၊ ပြန်လီပြုစုပျိုးထောင်ခြင်း၊ ပြန်လီမြှင့်တင်ခြင်းနှင့် ပဋိပက္ခလွန်ကာလဖြစ်သည့် ပြန်လီ တည်ဆောက်ခြင်းကာလများတွင် အမျိုးသမီးကြီ/ငယ်အားလုံးရို့၏ အထူးလိုအပ်ချက်များအား အသိအမှတ်ပြုရန်၊

(ခ) ဒေသခံအမျိုးသမီးများ၏ ငြိမ်းချမ်းရေးဖေါ်ဆောင်မှုဆိုင်ရာအစီအစဉ်များ၊ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ၌ မိမိရို့ဒေသအလိုက်လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များအား အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ရေးဆိုင်ရာများကို အထောက်အပံ့ပြုသည့် လုပ်ငန်းစဉ်အဆင့်များ ဖေါ်ဆောင်ရန်၊

(ဂ) အမျိုးသမီးကြီး/ငယ်များအားလုံးရို့၏ အခွင့်အရေးများအား လေးစားလိုက်နာရေးနှင့် လိင်ခွဲခြားမှုမဟုတ်သည့်အမြင်အား အခြီခံဥပဒေရေးဆွဲရေး၊ ရွီးကောက်တင်မြှောက်ခြင်း၊ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များတွင် ဆက်စပ်ပတ်သက်လာသည့်အခါ ထည့်သွင်းစဉ်းစားအလီးထား၍ ကာကွယ်မှုပီးရန် ပါဝင်ဆောင်ရွက်နီ သူများအား တောင်းဆိုသည်။

၉။ အမျိုးသမီးကြီးငယ်များအားလုံးရို့အား အရပ်သားများအဖြစ် အကာအကွယ်ပီးရေးနှင့် အခွင့်အရေးများဆိုင်ရာ ဆက်စပ်ပတ်သက်သည့် နိုင်ငံတကာဥပဒေများ၊ အထူးသဖြင့် ၁၉၄၉ ခုနှစ်၊ ဂျနီဗာသဘောတူစာချုပ်နှင့် ၎င်းအား ထပ်မံဖြည့်စွက်သည့် ၁၉၇၇ ခုနှစ်၊ ထပ်ဖြည့် သဘောတူညီချက်များတွင်လည်းကောင်း၊ ၁၉၅၁

ခုနှစ် ဒုက္ခသည်များဆိုင်ရာ သဘောတူစာချုပ်နှင့် ၄င်းအားထပ်မံဖြည့်စွက်သည့် ၁၉၆၇ ခုနှစ်၊ ထပ်ဖြည့်သဘောတူညီချက်များတွင်လည်းကောင်း၊ ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်း ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ၄င်းအားထပ်မံဖြည့်စွက်သည့် ၁၉၉၉ ခုနှစ်၊ ထပ်ဖြည့်သဘောတူညီချက်များအရ ၂၀၀၀ ခု အောက်တို ဘာလ ၃၁ ရက်နိတွင် ထုတ်ပြန်သည့် လုံခြုံရေးကောင်စီညီလာခံအမှတ် ၅ သတင်းထုတ်ပြန်ချက်– အက်စ်/ဖ၉၄၂/၄၂၁၃ ကြိမ်မြောက် အစည်းအဝေး (ပီအမ်မ်) တွင်လည်းကောင်း၊ ၁၉၈၉ ခုနှစ်၊ ကုလသမဂ္ဂ အချေသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် ၄င်းအား ထပ်မံဖြည့်စွက်သည့် ၂၀၀၀ ခုနှစ် မေလ ၂၅ ရက် ထပ်ဖြည့်သဘောတူညီချက်နှစ်ရပ်တွင်လည်းကောင်း ဖေါ်ပြထားသည့် လိုက်နာရမည့်တာဝန်များနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နီသည့် အုပ်စုများအားလုံးမှ အပြည့်အဝလေးစား လိုက်နာဆောင်ရွက်ရန်နှင့် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ ရောမဆုံးဖြတ်ချက်များမှ လိုက်နာရန်လိုအပ်သည်များအား အထူးသတိပြုရန် တိုက်တွန်းတောင်းဆိုသည်။

၁၀။ လိင်အခြီပြု အကြမ်းဖက်မှုများမှ အမျိုးသမီးကြီးငယ်များနှင့် အားလုံးအပေါ် ကျူးလွန်မှုများကို ကာကွယ်ရန်၊ (အထူးသဖြင့် မုဒိမ်းပြု ကျင့်မှု၊ လိင်အခြီပြု အကြမ်းဖက်နှောင့်ယှက်စော်ကားမှုများမှကာကွယ်ရန်)၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနီသည့် အခြေအနေတွင်ဟိနီသည့် အခြားသော အကြမ်းဖက်မှုပုံသဏ္ဍာန်များအားလုံးမှ အကာအကွယ်ပီးရန် အထူးဆောင်ရွက်မှုများပြုလုပ်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်လျှက်ဟိသော အုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

၁၁။ အမျိုးသမီးများနှင့် အမျိုးသမီးချေများအား လိင်အခြီပြုအဓမ္မပြုကျင့်မှုအပါအဝင် စစ်ပွဲအတွင်း ပြစ်မှုကျူးလွန်မှုများ၊ လူမဆန်ကျူး လွန်သည့်ပြစ်မှုများ၊ လူမျိုးတုံးအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများအတွက် တာဝန်ဟိသူများအား တရားစီရင်ရန်၊ ပြစ်မှုတစုံတရာ ကျူးလွန်ပါလျှက် ပြစ်ဒါဏ်ကင်းလွတ်ခြင်းများ

အဆုံးသတ်ရန်နှင့် အထူးအလေးထားပြောလိုသည်မှာ ထိုသို့ကျူးလွန်သူများအား လွတ်ငြိမ်း ချမ်းသာခွင့် ပေးခြင်းများမှ ဖြစ်နိုင်သရွေ့ ရှောင်ရှားရန်ရှိ၍အတွက် အစိုးရများ၏တာဝန်ဟိမှုအား အလေးအနက်ပြုဖော်ပြသည်။

၁၂။ ဒုက္ခသည်စခန်းများနှင့် ပြောင်းရွှေ့အခြေစိုက်နီထိုင်သည့်နီရာများတွင် လူမှုယဉ်ကျေးမှုနှင့် လူသားလက္ခဏာများအား လေးစားလိုက်နာရန်၊ အထူးသဖြင့် အဆိုပါနီရာများ၏ ဖွဲ့စည်းတည်ဆောက်ပုံသည် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုဟိစီရေး အလေးအနက်ထည့်သွင်းစဉ်းစားရန်နှင့် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နိတွင် ချမှတ်ခဲ့သည့် လုံခြုံရေးကောင်စီဆုံးဖြတ် ချက်အမှတ် ၁၂၀၈ (၁၉၉၈) အား ပြန်လီအမှတ်ရ သတိပြုရန် သက်ဆိုင်သူအုပ်စုများ အားလုံးအား တိုက်တွန်းတောင်းဆိုသည်။

၁၃။ လက်နက်ဖြုတ်သိမ်းခြင်း၊ အုပ်စုဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းများတွင် လက်နက်ကိုင်တိုက်ခိုက်ခဲ့ဖူးသော အမျိုးသမီး၊ အမျိုးသားများ၏ မတူကွဲပြားသော လိုအပ်ချက်များကိုစဉ်းစားရန်နှင့် ၎င်းရို့အား မှီခိုနီသူများ၏ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစား ရန် စီမံချက်ရွီးဆွဲရာတွင် ပါဝင်သူအားလုံးအားအားပေးတိုက်တွန်းသည်။

၁၄။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း (၄၁) အရ ဆောင်ရွက်ရသည့်အခါတိုင်းတွင် အရပ်သားပြည်သူလူထုအပေါ် ဖြစ်နိုင်ခြေဟိသည့် ထိခိုက်နစ်နာစရာများအား ထည့်သွင်းစဉ်းစားရမည့်အပြင် လူသားချင်းစာနာထောက်ထားသည့်အားဖြင့် သင့်လျော်သော ကူညီထောက်ပံ့မှုများအား စဉ်းစားသည့်အခါတွင်လည်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ အထူးလိုအပ်ချက်များအား အလေးထားထည့်သွင်းစဉ်းစားရန် အသင့်ဟိသည့်အကြောင်း ထပ်မံအတည်ပြုအာမခံသည်။

၁၅။ ပြည်တွင်းနှင့် နိုင်ငံတကာအမျိုးသမီးအဖွဲ့အစည်းများ တိုင်ပင်ညှိနှိုင်းဆွေးနွေးခြင်းမှတဆင့် လုံခြုံရေးကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့ များတွင် ယောက်ျား၊

မိန်းမဟူသည့် လိင်ခွဲခြားမှုမဟုတ်သည့်အမြင်နှင့် အမျိုးသမီးအခွင့်အရေးများအား ထည့်သွင်းစဉ်းစားခြင်းကို အားမခံ  ရန် ၄င်း၏ဆန္ဒပြင်းပြမှုအားဖေါ်ပြသည်။

၁၆။ လက်နက်ကိုင်ပဋိပက္ခများကြောင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ အပေါ်ထိခိုက်မှု၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုး သမီးများ၏ အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခဖြေရှင်းရေးများတွင် ပါဝင်ဆောင်ရွက်သည့် မတူကွဲပြားသည့် အမြင်များနှင့်ပတ်သက်၍ လေ့လာမှုတခုပြုလုပ်ရန် အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုသည်။ ထို့အပြင် ထိုလေ့လာမှု၏ ရလာဒ်များအား လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတခုတင်သွင်းရန်နှင့် ထိုအစီရင်ခံစာအား ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများအားလုံးသို့ ဖြန့်ဝေရန် ၄င်းအားထပ်မံ တောင်းဆိုသည်။

၁၇။ ငြိမ်းချမ်းရေးထိန်းသိမ်းမှု ကိုယ်စားလှယ်အဖွဲ့များမှတဆင့် ယောက်ျား၊ မိန်းမ ညီတူမျှတူ ပါဝင်ပတ်သက်သည့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များနှင့် ပတ်သက်ဆက်စပ်သော ကိစ္စရပ်များအားလုံးကို လုံခြုံရေး ကောင်စီသို့ တင် သွင်းသည့် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် သင့်လျော်သလိုထည့်သွင်းရန် ၄င်းအားပြန်ကြားတောင်းဆိုသည်။

၁၈။ ဤအရေးကိစ္စအား တက်ကြွစွာ ကိုင်တွယ်ဆောင်ရွက်မှုကို ဆက်လက်၍ထိန်း သိမ်းလားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

# ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ၏ အနှစ်ချုပ်အချက်များ

*လုံခြုံရေးကောင်စီ၏ (၁၈) ချက်ပါဝင်သည့် ယင်းဆုံးဖြတ်ချက်တွင်–*

■ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများကိုယ်စားပြုမှု တိုးမြှင့်ရေး အာမခံရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

■ ပဋိပက္ခ ဖြေရှင်းရေးနှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက် ချမှတ်သည့်အဆင့်တိုင်း၌ အမျိုးသမီးများ၏ ပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ တောင်းဆိုချက်ပါဝင်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏ မဟာဗျူဟာလုပ်ငန်း ဆောင်ရွက်မှု စီမံချက် (အေ/၄၉/၅၈၇)အား အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် ၎င်းအား အားပေးထောက်ခံသည်။

■ အထူးကိုယ်စားလှယ်များနှင့် သံတမန်များအဖြစ် အမျိုးသမီးများအား ပိုမိုခန့်ထားရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက် တွန်းသည်။

■ ကုလသမဂ္ဂ၏ ရှိတန်းအခြေစိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာလေ့လာသူများ၊ အရပ်ဘက်ရဲဝန်ထမ်းများ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများထဲတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍအား တိုးချဲ့မြှင့်တင်နိုင်ရေး နည်းလမ်းရှာဖွေရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

■ အမျိုးသမီးများ၏ အထူးလိုအပ်ချက်များနှင့်ကာကွယ်ရေး၊ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် သင်တန်းလမ်းညွှန်များနှင့် အထောက်အကူပစ္စည်းများ အထောက်အပံ့ပြုရန် အထွေထွေအတွင်းရေးမှူးချုပ်အား ပန်ကြားတောင်းဆိုသည်။

■ လိင်ခွဲခြားမှုဆန့်ကျင်ရေးအထူးပြု လေ့လာသင်ကြားရေး ကြိုးပမ်းမှုများအတွက် ၄င်းရို့၏ ဆန္ဒဖြင့်ပါဝင်သော ဘဏ္ဍာရေး၊ နည်းပညာနှင့် အခြားအထွေထွေ ထောက်ပံ့မှုများအား တိုးမြှင့်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

■ အမျိုးသမီးကြီးများနှင့် အမျိုးသမီးငယ်များအား အရပ်သားများအဖြစ် အသိအမှတ်ပြု အကာအကွယ်ပေးရေးနှင့် အခွင့်အရေးများဆိုင်ရာ ဆက်စပ်ပတ်သက်သည့် နိုင်ငံတကာဥပဒေများအား လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အုပ်စုများအားလုံးမှ အပြည့်အဝ လေးစားလိုက်နာဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုသည်။

■ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ်ကျူးလွန်သည့် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှုများမှကာကွယ်ရန်၊ အထူးသဖြင့် မုဒိမ်းပြုကျင့်မှုနှင့် လိင်အခြေပြု၍ အခြားသောနည်းများဖြင့် မတော်မတရားပြုကျင့်မှုများမှ အကာအကွယ်ပေးရန် အထူးဆောင်ရွက်မှုများပြုလုပ်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်လျှက်ဟိကတ်သော အုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

■ အမျိုးသမီးများနှင့်အမျိုးသမီးငယ်များအား လိင်အခြေပြု အဓမ္မပြုကျင့်မှုနှင့် အခြားပုံသဏ္ဍာန်မျိုးစုံဖြင့် အကြမ်းဖက်မှုများတွင် ဆက်စပ်ပတ်သက်သူများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများအတွက် တာဝန်ဟိသူများအား တရားစီရင်ရန်၊ ပြစ်မှုတစုံတရာ ကျူးလွန်ပါလျှက် ပြစ်ဒါဏ်ကင်းလွတ်မှုများ အဆုံးသတ်ရေးအတွက် အစိုးရများ၏ တာဝန်ဟိမှုအား အလေးအနက်ပြုဖေါ်ပြသည်။

■ ဒုက္ခသည် စခန်းများနှင့် ပြောင်းရွှေ့အခြေစိုက်နေထိုင်ရာနေရာများတွင် ယဉ်ကျေးမှုနှင့် လူမှုလက္ခဏာများအား လေးစားလိုက်နာရန်၊ အထူးသဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ အထူးလိုအပ်ချက်များအား အထူးအလေးထား ထည့်သွင်းစဉ်းစားရန် သက်ဆိုင်သူအုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

■ လက်နက်ကိုင်ပဋိပက္ခများကြောင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ်ထိခိုက်မှု၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုး သမီးများ၏အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခဖြေရှင်းရေးများတွင် ပါဝင်ဆောင်ရွက်သည့် ကွဲပြားသည့် လိင်အချိုးအစား (Gender dimensions)နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု ကိုယ်စားလှယ်အဖွဲ့များတွင်ပါဝင်သည့် ယောက်ကျား၊ မိန်းမပါဝင်မှု အချိုးနှင့်ပတ်သက်သည့် တိုးတက်ဖြစ်ပေါ်မှုများအား လေ့လာမှုတခုပြုလုပ်၍ လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတခုတင်သွင်းရန် အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုသည်။

## ငြိမ်းချမ်းရေးအား လက်တွဲ ဖော်ဆောင်ခြင်း

***အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၃၂၅ အား ထောက်ခံအားပေးမှုရရှိရန် လုပ်ဆောင်ခြင်းနှင့် အကောင်အထည် ဖေါ်ခြင်းဆိုင်ရာ စဉ်းစားချက်များ။***

ငြိမ်းချမ်းရေးစိစပ်ဆွေးနွေးမှုများတွင် အမျိုးသမီးများထည့်သွင်းပါဝင်ရေးအား ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ တွင် တိုက်တွန်းဖော်ပြထားသည်။ ငြိမ်းချမ်းရေးစိစပ်ဆွေးနွေးမှုများတွင် အမျိုးသမီးများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် ဤဆုံးဖြတ်ချက်က အလေးအနက်ပြုတောင်းဆိုသည်။ ပဋိပက္ခတားဆီးကာကွယ်ခြင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်းနှင့် ပဋိပက္ခလွန်ကာလ ပြန်လီတည်ဆောက်ခြင်းများ၏ လုပ်ဆောင်မှုအသွင်သဏ္ဍာန်အမျိုးမျိုးရှိ့တွင် လိင်ခွဲ ခြားမှုမဟုတ်သည့်အမြင်ဖြင့် ချဉ်းကပ်ခြင်းများအားအာမခံရန်လည်း အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူအားလုံးရှိ့အား ဤဆုံးဖြတ်ချက်က အလေး အနက်ပြု တောင်းဆိုသည်။

ကျွန်ုပ်ရို့အားလုံးသည် ဆုံးဖြတ်ချက်အမှတ် (၁၃၂၅)အား အားပေးထောက်ခံမှုရ ဟိရန် လုပ်ဆောင်သူများဖြစ်ပြီး စကားလုံးဖော်ပြချက်မှတဆင့်

လက်တွဲလုပ်ဆောင်မှုဖြစ် လာစီရန် အာမခံရမည်ဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရများ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ပြည်သူလူထုနှင့် အခြားသူအားလုံးရို့နှင့် နောက်ဆက်တွဲ ဆက်လက်လုပ်ဆောင်ရန်ရို့အတွက် စဉ်းစားချက်များကို အောက်တွင် ဖော်ပြလိုက်သည်။ ၄င်းရို့မှာ ကနဦးစဉ်းစားချက်များသာဖြစ်ပြီး မိမိရို့၏အမြင်ဖြင့် ထပ်မံထည့်သွင်းဖြည့်စွက်ရန်ဖြစ်သည်။

## ပညာပေးခြင်းနှင့် သတင်းပေးခြင်း

✡ အမျိုးသမီးများအား ပဋိပက္ခတားဆီးကာကွယ်ခြင်းနှင့်ဖြေရှင်းခြင်းဆိုင်ရာ (သို့) ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ပတ်သက်သည်များကို သင်ယူစီခြင်း။

✡ လုံခြုံရေးဆိုင်ရာအကြောင်းအရာကိစ္စရပ်များနှင့်ထောက်ခံအားပေးသည့် ကိရိယာတစ်ခုအဖြစ် ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အား ၄င်းရို့ မည်သို့အသုံးပြုနိုင်ကြောင်း မတူကွဲပြားသည့် အမျိုးသမီးအစုအဖွဲ့များအကြား ဆွေးနွေးပြောဆိုရန် စီစဉ်ခြင်း။

✡ စစ်ပွဲကာလအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုအတွက် တရားမျှမှုနှင့် တာဝန်ယူမှုအား အာမခံရေး၊ အထူးသဖြင့်  ပဋိ ပက္ခဖြေရှင်းရေးစိစပ်ဆွေးနွေးမှုများနှင့် ပဋိပက္ခလွန်ကာလ
ပြန်လည်တည်ဆောက်ရေးကြိုးပမ်းအား ထုတ်မှုများအတွက် ကွဲပြားသည့် အခွင့်အလမ်းအမျိုးမျိုးရို့အား သတိပြုမိစီမှု မြှင့်တင်ခြင်း။

✡ မိမိ၏ဒေသတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လူ့အခွင့်အရေးများအား ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းအား အမြဲမပြတ်စောင့်ကြည့်လေ့လာခြင်း။

## သတင်းပတ်ဝန်းကျင်နှင့် ဆက်စပ်လုပ်ဆောင်ချက်များကို ဖော်ဆောင်ခြင်း

ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် အတွေ့အကြုံများ ကို သတင်းဌာနများတွင် ထည့်သွင်းဖော်ပြသည့် လုပ်ဆောင်ရေးနည်းလမ်းများ ဖော်ဆောင်ခြင်း။

- သတင်းထုတ်ပြန်ချက်များ
- စာနယ်ဇင်းဆိုင်ရာ ဆောင်ရွက်မှုများ
- လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်များ
- နံရံကပ်ကားချပ် (ပိုစတာ) များနှင့် အမှတ်တရကဒ်ပြားများ
- ရုပ်ပုံ၊ ကာတွန်းပုံများ သင့်လျော်သလိုပါဝင်သည့် လက်ကမ်းစာ ရွက်များအပါအဝင် စာရွက်စာတမ်းများ
- ပညာရည်နိမ့်ပါးသည့်သူများအတွက် သင့်လျော်သည့်ရုပ်ပုံများနှင့် အသံများပါဝင်သည့် ဓာတ်ပြားချပ်များ
- ပဋိပက္ခဆိုင်ရာ ရှီးသားဖော်ပြချက်များတွင် မတူကွဲပြားသည့် လိင် အခြေခံအမြင်၊ သဘောထား၊ ရပ်တည်ချက်များ ထည့်သွင်းဖော်ပြ ရန် စာနယ်ဇင်းများသို့ စာများရှီးသားပီးပို့ပါ။

- ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စများတွင် အမျိုးသမီးများပါဝင် နိုင်ရေးအတွက် လမ်းစဉ်မူဝါဒချမှတ်ရှီးဆွဲသည့် အစုအဖွဲ့များ မိမိ ဒေသတွင်ဖွဲ့စည်းခြင်း။

- ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးကြိုး ပမ်းအားထုတ်မှုများအတွက် ရံပုံငွေထောက်ပံ့ခြင်း။

# ထိရောက်သော မူဝါဒများ

❖ အထွေထွေအတွင်းရေးမှူးချုပ်၏ လက်အောက်ဟိ ငြိမ်းချမ်းရေးထိန်းသိမ်းမှု စီမံကိန်းများဌာန အကြီးအကဲ ဂျိန်း–မေရီ ဂူးဟန်နို (Jean-Marie Guehenno) ထံသို့ ပန်ကြားတောင်းဆိုချက်များ အောက်ပါလိပ်စာအတိုင်းပို့ပါ။

**Jean-Marie Guehenno**
**Room S-3727B, United Nations, New York, NY 10017**

❖ ကုလသမဂ္ဂဟိ ဆုံးဖြတ်ချက်ချမှတ်သူများအား ဆက်သွယ်ပါ။
(ကြည့်ပါ– http://www.peacewomen.org/un/basics/map.html)

❖ နိုင်ငံကိုယ်စားပြု ကုလသမဂ္ဂကိုယ်စားလှယ်အား ဆက်သွယ်ပါ။
(ကြည့်ပါ–http://www.peacewomen.org/contacts/conindex.html)

❖ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးစီမံကိန်းများသို့ တပ်များပို့စီလွှတ်ခြင်းနှင့် သက်ဆိုင်သည့် မိမိအစိုးရသို့ဆက်သွယ်ပါ။

❖ ဒုက္ခသည်စခန်းနီရာများတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ရုံးတွင် တိုဆုံပြီး အမျိုးသမီးဒုက္ခသည်များအား ကာကွယ်ခြင်းဆိုင်ရာ မဟာမင်း ကြီး၏ လမ်းညွှန်ချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ သုံးသပ်ဆွေး နွေးပါ။

❖ ဒုက္ခသည် ရင်သွီးငယ်များအား စောင့်ရှောက်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ များအတွက် မိမိနိုင်ငံဟိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးဝန်ထမ်း များနှင့်အတူ လမ်းညွှန်ချက်များ ရှီးဆွဲချမှတ်ပါ။

❖ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ထိရောက်သည့်ဥပဒေများ ပြဋ္ဌာန်းရန် မိမိနိုင်ငံလွှတ်တော်တွင် လှုံ့ဆော်စည်းရုံးခြင်း၊ ပြန်ကြားတိုက်တွန်းခြင်း များပြုလုပ်ပါ။

❖ ကျားမမခွဲခြားဘဲ အမြင်ဟိရေးဆိုင်ရာ သင်တန်းများအတွက် မိမိဒေသ၊ ယဉ်ကျေးမှုနှင့် သင့်လျော်ကိုက်ညီသည့် အထောက် အကူပစ္စည်းများထုတ်လုပ်ပါ။

❖ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) အား သက်ဆိုင်သည့် မူဝါဒချမှတ်ရှီးဆွဲသူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများထံသို့ ဖြန့်ဝေပါ။

❖ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) အား မိမိဘာသာစကားသို့ ပြန်ဆိုပြီး **info@peacewomen.org** သို့ ပီးပို့ပါ။

❖ နိုင်ငံတကာ ဥပဒေများအား ချိုးဖောက်မှု၊ အမျိုးသမီးနှင့် အမျိုးသမီးငယ်များ၏ အခွင့်အရေးများအား ချိုးဖောက်မှုများနှင့်ပတ်သက်သည့် အထောက်အထားများ စုဆောင်းခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းများ ပြုလုပ်ပါ။

❖ info@peacewomen.org သို့ သတင်းအချက်အလက်များ ပီးပို့ခြင်းဖြင့် အမျိုးသမီးများ၏ ကြိုးပမ်းဆောင်ရွက်မှုများအား ပိုမိုသိသာထင်ရှားစီရန် ပြုလုပ်ပါ။

## ဆက်သွယ်လုပ်ရှားဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက် မျှဝီဖလှယ်ခြင်း

❖ အခြားအမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်သွယ်လုပ်သျှားဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ပါ။

ကြည့်ပါ http://www.peacewomen.org/contacts/conindex.html

❖ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ အချက်အလက်များ စုဆောင်းဖြန့်ဝေပါ။

❖ အမျိုးသမီးရေးရာကော်မရှင်တွင်လည်းကောင်း၊ အမျိုးသမီးအစုအဖွဲ့များနှင့်လည်းကောင်း၊ မူဝါဒရေးရာ မိတ်ဖက်များနှင့်လည်းကောင်း မိမိရို့၏အတွေ့အကြုံများကိုမျှဝေဖလှယ်ပါ။

❖ မိမိ၏ စိတ်ကူးစဉ်းစားချက်များကို ဤနေရာတွင် ဖြည့်သွင်းပြီး **info@peacewomen.org** သို့ ပို့ပါ။

***၄၆ ကြိမ်မြောက် အမျိုးသမီးရေးရာကော်မရှင်ညီလာခံအတွင်းပြုလုပ်သည့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများမှ အစိုးရမဟုတ်သော အလုပ်အဖွဲ့များ၏ စီစဉ်ထုတ်ဝေမှုဖြစ်သည်။***

**ကျမ်းကိုး–** http://www.peacewomen.org/un/sc/1325.html

**ဘာသာပြန်သူ–** **ကျော်ကျော်သိန်း မြန်မာပြန်ဆိုချက်ကို စောခင်နန်းစံ (RWU)က ရခိုင်ဘာသာသို့ပြန်ဆို၍ (RWU) အဖွဲ့ဝင်များက ပိုင်းဝန်းတည်းဖြတ်သည်။**

**ဒီဇိုင်း ၊ စာစီ –** **ခိုင်တင်မောင်ကျော်**

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံ ကွဲပြားသည့် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းအသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော တော်လှန်ရေးနယ်မြေရောက် အမျိုးသမီးထု၏ ပထမဦးဆုံးသော အဖွဲ့ချုပ်ကြီးဖြစ်သည်။ ဤအဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများမှ နယ်စပ်ဒေသများဟိ အမျိုးသမီးအဖွဲ့အစည်း (၁၁) ဖွဲ့ပါဝင်သည်။ ဤအဖွဲ့ချုပ်ကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏ အခွင့်အတန်းတိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်းပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှား ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

**Women's League of Burma (WLB)**
**PO Box 413, GPO**
**Chiangmai 50000 Thailand**
**wlb@womenofburma.org**